# 第 20 課　今日から発注をお願いします

## 目標

ဆိုင်ကိုလာတဲ့ဈေးဝယ်သူရဲ့အကြောင်းကိုနားလည်ပြီးကုန်ပစ္စည်းမှာတဲ့အခါမှာ
လိုအပ်တဲ့ပစ္စည်းတွေကိုစဉ်းစားတတ်လာမယ်။

## 会話

မန်နေဂျာ　　: ဂျွန်းရေ၊ ဒီနေ့ကစပြီးပစ္စည်းမှာတာတွေမင်းလုပ်ရမယ်နော်။

ဆိုင်ဝန်ထမ်း　: ဟုတ်ကဲ့ပါ။

မန်နေဂျာ　　: အရင်ဆုံးဒီဆိုင်ကိုလာတဲ့ဈေးဝယ်သူတွေကဘယ်လိုလူမျိုးတွေလဲဆိုတာ
စဉ်းစားကြည့်ရအောင်။ မင်းဘယ်လိုထင်လဲ။

ဆိုင်ဝန်ထမ်း　: အသက်၄၀နဲ့၅၀ဝန်းကျင်ဈေးဝယ်သူတွေကိုတွေ့တာများတယ်။

မန်နေဂျာ　　: ကောင်းပြီ၊ ဒါဆိုပစ္စည်းဝယ်တဲ့အချက်အလက်တွေကိုကြည့်ကြည့်ကြရအောင်။

-----------------------------------------------------------------------------------------

ဆိုင်ဝန်ထမ်း　: ထင်တဲ့အတိုင်းအဲ့ဒီအသက်အရွယ်ဈေးဝယ်သူတွေများတယ်နော်။ ဒါပေမယ့်
ဒီတလောအသက်(၃၀)ဝန်းကျင်ကလေးအမေတွေနဲ့ကလေးသေးသေးလေးတွေလဲခဏခဏတွေ့တ
ယ်။

မန်နေဂျာ　　: ဟုတ်တာပဲ။ ဒီအနီးအနားကတိုက်ခန်းတွေက ကလေးစီးစက်ဘီးတွေအများကြီးတွေ့တယ်။
မိသားစုတွေနေတာများမယ်ထင်တယ်။

ဆိုင်ဝန်ထမ်း　: အသက်၄၀နဲ့၅၀ဝန်းကျင်ရယ်၊ ပြီးတော့ မိသားစုတွေနဲ့ကိုက်ညီတဲ့ပစ္စည်းတွေတင်ဖို့လိုမယ်နော်။

မန်နေဂျာ　　: ဟုတ်တယ်နော်။ ပစ္စည်းတွေမှာရင်ကိုယ့်ဆီလာတဲ့ဈေးဝယ်သူတွေရဲ့အကြောင်းကိုသိဖို့က
အရေးကြီးတယ်။ ဈေးဝယ်သူတွေပျော်ရွှင်စေမယ့်ပစ္စည်းတွေမှာပေးနိုင်ဖို့က
မင်းအတွက်အရေးကြီးတယ်။

ဆိုင်ဝန်ထမ်း : ဟုတ်ကဲ့။ ကြိုးစားပါ့မယ်။

## ことば

担当する တာဝန်ယူသည်။　発注(する) အမှာစာတင်သည်။

購買データ ဈေးဝယ်ခြင်းအချက်အလက်　ファミリー層 မိသားစုအလွှာ

品ぞろえ ပစ္စည်းစုံစွာတင်ထားသည်။　客層 ဈေးဝယ်သူအလွှာ

把握(する) သဘောပေါက်နားလည်သည်။　分担する ခွဲခြမ်းကျခံစေသည်။

営業 စီးပွားရေးလုပ်ခြင်း　子ども連れ ကလေးခေါ်လာခြင်း　普段 ပုံမှန်

ヒント အရိပ်အမြွက်　売り上げアップ ရောင်းအားတက်ခြင်း